ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြု စီမံကိန်း

## လူထုဗဟိုပြုစီမံကိန်း
(တတိယနှစ်စက်ဝန်း)

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan

ရွက်ကျင်ကျေးရွာ၊ စက်ပစ်ပြင်ကျေးရွာအုပ်စု
ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်

၂၀၁၈ ခုနှစ်၊ မတ်လ


Generated by CamScanner from intsig.com

မာတိကာ


| | စာမျက်နှာ |
| --- | --- |
| ၁။ မြို့နယ်မြေပုံ | ၁ |
| ၂။ ကျေးရွာမြေပုံ(တည်နေရာ) | ၂ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၃ |
| ၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/ PRA) အကျဉ်းချုပ်ဇယား | ၅ |
| ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ (အသုံးပြုခဲ့သော PRA Tools တစ်ခုချင်းစီ၏ အမည်များရေးရန်) | ၆ - ၂၂ |
| ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ (၂ - ၃ ပုံထက်မများစေရန်) | ၂၃ |
| ၈။ ကျေးရွာအချက်အလက် (ပုံစံ - ၁) | ၂၄ - ၂၆ |
| ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂) | ၂၇ |
| ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃) | ၂၈ - ၂၉ |
| ၁၁။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ - ၄) | ၃၀ |
| ၁၂။ အစည်းအဝေးမှတ်တမ်းများ | ၃၁ - ၃၂ |
| ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၃ |


Generated by CamScanner from intsig.com

# ပလက်ဝမြို့နယ်အညွှန်းပြမြေပုံ




Generated by CamScanner from intsig.com

ဂွက်ကျင်ကျေးရွာ မြေပုံ
NCDDP ‹တတိယနှစ်›

ရက်စွဲ - ၁၀.၁.၂၀၁၈



# လူထုဗဟိုပြုစီမံကိန်း ( တတိယနှစ် )

စက်ပစ်ပြင် အုပ်စု

ပလက်ဝမြို့နယ် ၊ ချင်းပြည်နယ်

| အုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|
| စက်ပစ်ပြင် | စက်ပစ်ပြင် | စက်ပစ်ပြင် အုပ်စုတွင် ကျေးရွာ ( ၂ ) ရွာ |
| | ဂွက်ကျင် | |

လူထုဗဟိုပြု စီမံကိန်း (တတိယနှစ်)

ပလက်ဝမြို့နယ်

ရွာကျွင ၊ တက်ပစမြစ်အုပ်စု

ကျေးရွာအခြေခံအချက်အလက်များ စုစည်းခြင်း ရက်စွဲ ၊ 1.1.2018

အမျိုးသမီး အိမ်ထောင်ဦးစီး - (၃) ဦး

အမျိုးသား အိမ်ထောင်ဦးစီး - မရှိ -

စုစုပေါင်း အိမ်ခြေ - (၃) အိမ်

အမျိုးသမီး ဦးရေ - (၉) ဦး

အမျိုးသား လူဦးရေ - (၈) ဦး

လူဦးရေ စုစုပေါင်း - (၁၇) ဦး

ခရစ်ယာန် ဘာသာဝင် အိမ်ထောင်စု - (၂) အိမ်

ဗုဒ္ဓဘာသာဝင် အိမ်ထောင်စု - (၁) အိမ်

လူမျိုး / ရခိုင် - ခူမီး

ကျေးရွာတွင် အဓိက လုပ်ကိုင်သော စီးပွားရေးမှာ - တောင်ယာစပါးခင်း
ဝဥထူးခြင်း ၊
ငါးရှာခြင်း / တံငါ

ကျေးရွာအတွင်း ရှိ ပိုင်သော ဝန်ထမ်းများ - မရှိ

Generated by CamScanner from intsig.com

လူထုမဟာဗျူဟာစီမံကိန်း (တတိယနှစ်)



ကျေးရွာအမည် - ဇက်ပင်ပြင်

အုပ်စုအမည် - ဇက်ပင်ပြင်

မြို့နယ်အမည် - ပလက်ဝ

ရက်စွဲ - ၂၄.၁၁.၂၀၁၇

လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းအကဲဖြတ်လုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား

| အစည်းအဝေးအမည် | တက်ရောက်သူ | | | ရက်စွဲ | လုပ်ငန်းစဉ် ဆွေးနွေးသည့်အကြောင်းအရာ |
|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | | |
| လူထုပူးပေါင်းပါဝင်သည့်လူမှုဆန်းစစ်ခြင်းအကဲဖြတ် (PRA) | ၃၉ | ၃၅ | ၇၄ | ၂၄.၁၁.၂၀၁၇ | ကျေးရွာအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း၊ သုံးသပ်ချက်။ |
| | | | | | ဥတုရာသီပြက္ခဒိန်မှ အဆင့်သတ်မှတ်ခြင်းနှင့် ဆွေးနွေးခြင်း |
| | | | | | ကာလသီဥတုပြဇယားရေးဆွဲခြင်းနှင့် ဆွေးနွေးခြင်း |
| လူထုပူးပေါင်းပါဝင်သည့်လူမှုဆန်းစစ်အကဲဖြတ်ခြင်း (PRA) | ၃၉ | ၃၅ | ၇၄ | ၂၄.၁၁.၂၀၁၇ | ကျား၊မ ရေးရာ ပရိုဖိုင် ရေးဆွဲဆွေးနွေးခြင်း |
| | | | | | ဗင်းကားချပ်၊ အဖွဲ့အစည်းဆိုင်ရာဆက်ဆံမှုပုံ ဆွေးနွေးခြင်း၊ ရေးဆွဲခြင်း |
| | | | | | အရင်းအမြစ်များသို့ ဝင်မှု ဆွေးနွေးချက်နှင့် ရေးဆွဲခြင်း |
| လူထုပူးပေါင်းပါဝင်သည့်လူမှုဆန်းစစ်အကဲဖြတ်ခြင်း (PRA) | ၃၉ | ၃၅ | ၇၄ | ၂၄.၁၁.၂၀၁၇ | အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ အလိုက် ပြဿနာဖော်ထုတ်ခြင်း |
| | | | | | အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ ကျေးရွာမျှော်မှန်းချက်များဖော်ထုတ်ခြင်း |
| | | | | | ကျေးရွာ ဦးစားပေးလုပ်ငန်းစဉ်များ ရွေးချယ်၊ ဆွေးနွေး၊ မဲပေးခြင်း |

Generated by CamScanner from intsig.com

လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်)



ပလက်ဝမြို့နယ်

စက်ပန်ပြင် အုပ်စု

စက်ယန်ပြင် ကျေးရွာ

**ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း** ရက်စွဲ - ၂၄.၁၁.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက် ၊ ညွှန်းကိန်းများ ပိုင်ဆိုင်မှုများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ဈေးဆိုင် ၊ စက်လှေ ၊ ဆန်စက်၊ ပျဉ်အိမ် ၊ နွားခင်း ၊ တောင်ယာ၊ စပါးခင်း၊ | ၁၅ အိမ် | ၁၄ % |
| အလယ်အလတ် | တောင်ယာ ၊ နွားခင်း ၊ ဝါးအိမ် ၊ ဝက် ၊ ကြက် ၊ ဆိတ် | ၆၀ အိမ် | ၅၆ % |
| ဆင်းရဲ | ဝါးအိမ် ၊ လက်လုပ်လက်စား ၊ ကြက်၊ တောင်ယာ၊ | ၃၁ အိမ် | ၃၀ % |
| | | ၁၀၆ အိမ် | ၁၀၀% |

Generated by CamScanner from intsig.com

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်



အထက်ပါ ဇယားကို သုံးသပ်ကြည့်ခြင်း အားဖြင့် ကျို စက်ပန်ပြင် ကျေးရွာတွင် အလယ်အလတ် အိမ်ထောင်စု အများအပြား တွေ့ရှိရပါသည်။ စက်ပန်ပြင် ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင်စု (၃၁) အိမ်ထောင်စု သာရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများမှာ စီးပွားရေး အဆင့်အတန်း ကောင်းမွန်သော အနေအထားတွင် ရှိပါသည်။ စက်ပန်ပြင် ကျေးရွာ အတိုင်းအတာ အခြေအနေအရ ချမ်းသာသော အိမ်ထောင်စု မှာ (၁၅) အိမ်ခြေ ရှိပါသည်။ ၎င်းတို့ ပိုင်ဆိုင်သော ပိုင်ဆိုင်မှုများမှာ - ဈေးဆိုင် ၊ စက်လှေ ၊ သန်စက် ၊ ပျဉ်အိမ် ၊ နှမ်းခင်း ၊ တောင်ယာ စပါးခင်း ၊ အိမ်မွေး တိရစ္ဆာန် ကြက် ၊ ဝက် တို့ဖြစ်ပါသည်။

အလယ်အလတ် အိမ်ထောင်စု အဆင့်တွင် အိမ်ခြေ (၅၆) အိမ်ခန့် ရှိပါသည်။ ၎င်းတို့ ပိုင်ဆိုင်သော ပိုင်ဆိုင်မှုများမှာ - တောင်ယာ စပါးခင်း ၊ နှမ်းခင်း ၊ ဝါးအိမ် နှင့် ကြက် ၊ ဝက် ၊ ဆိတ် တို့ဖြစ်ကြသည်။ တနိုင်တပိုင် တောင်ယာ စပါးဖြင့် တစ်နှစ်တာ ဝမ်းစာ ရှာစားကြသော သူများ ဖြစ်ကြပါသည်။

ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၃၁) အိမ် ရှိပါသည်။ သူတို့ ပိုင်ဆိုင်သော ပိုင်ဆိုင်မှုများမှာ ဝါးအိမ်ငယ် နှင့် တောင်ယာ စပါးခင်းငယ်သာ ရှိပါသည်။ စပါးခင်းကြီး နှင့် နှမ်းခင်းကြီး များ မလုပ်နိုင်ရသော အကြောင်းအရင်း မှာ - နေ့စဉ် နေ့စား လုပ်နေရခြင်း ကြောင့် ဖြစ်ပါသည်။ ဝန် ပစ္စည်းများ ထမ်းခြင်း ၊ တောင်ယာအငှါးလိုက်ခြင်း များ ဖြင့်သာ စားဝတ်နေရေး ကို ဖြေရှင်း နေရပါသည်။ မိမိ တို့ တစ်နိုင် စပါးခင်းငယ်မှ ရသော ဆန်စပါး နှင့် နေ့စားအလုပ်ဖြင့် သာ ဝမ်းရေး ကို ခက်ခက်ခဲခဲ ဖြေရှင်း ကြရပါသည်။ သူတို့တွင် သားသမီး များလည်း ပညာသင်ကြားရာတွင် အလွန် ပင် ခဲယဉ်း လှပါသည်။

Generated by CamScanner from intsig.com

လူထု ဗဟိုပြု စီမံကိန်း (တတိယနှစ်)

ပလက်ဝ မြို့နယ်

စက်ပစ်ပြင် အုပ်စု ၊ စက်ပစ်ပြင် ကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန်

ရက်စွဲ – ၂၄.၁၁.၂၀၁၇

| စဉ် | အကြောင်းအရာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဝင်ငွေ | ထွက်ငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁. | တောင်ယာ | ယာခုတ် | | | | | | | ပေါင်းရှင်း | ရိတ်သိမ်း | | | | ၂၀၀၀၀၀ိ/- | ၃၀၀၀၀၀ိ/- |
| ၂. | နှမ်းခင်း | | | | | | | | | | | | | ၅၀၀၀၀၀ိ/- | ၄၀၀၀၀၀ိ/- |
| ၃. | မွေးမြူရေး ၊ စိုက်ပျိုးရေး | | | | | | | | | | | | | ၃၀၀၀၀၀ိ/- | ၁၀၀၀၀၀ိ/- |
| ၄. | သင်္ကြန်ပွဲ | | | | | | | | | | | | | | ၃၀၀၀၀ိ/- |
| ၅. | မင်္ဂလာ | | | | | | | | | | | | | | ၃၁၀၀၀၀ိ/- |
| ၆. | ရှင်ပြုပွဲ | | | | | | | | | | | | | ၄၀၀၀၀၀ိ/- | ၆၀၀၀၀၀ိ/- |
| ၇. | ငှက်ဖျား | | | | | | | | | | | | | | ၂၀၀၀၀ိ/- |
| ၈. | ဝမ်းပျက်ဝမ်းလျှော | | | | | | | | | | | | | | ၅၀၀၀၀ိ/- |



Generated by CamScanner from intsig.com

# စက်ပန်းပြင် ကျေးရွာ၊ ရာသီစဉ်ပြ ပြက္ခဒိန် သုံးသပ်ချက်

စက်ပန်းပြင် ကျေးရွာ ရာသီစဉ်ပြ ပြက္ခဒိန် ကို သုံးသပ်ရမည် ဆိုလျှင် ၎င်းကျေးရွာ၏ အဓိက လုပ်ကိုင်စားသောက်သော စီးပွားရေးလုပ်ငန်း မှာ - တောင်ယာ စပါးခင်း နှင့် နှမ်းခင်း တို့ကို လုပ်ကိုင်ကြသည်။ တောင်ယာစပါးခင်း ကို ဇန်နဝါရီ နှင့် ဖေဖော်ဝါရီလတို့တွင် တောင်ယာ စတင်ခုတ်ကြသည်။ မတ်လတွင်မူ အလုပ်အားလပ်သောအချိန် ဖြစ်သည်။ ဧပြီလ အစပိုင်းတွင် တောင်ယာမီးရှို့ကြပြီး မေလ မှ ဇွန်လ အထိ တောင်ယာကောက်စိုက်ကြပါသည်။ ဩဂုတ်လ မှ စက်တင်ဘာ အထိ တောင်ယာပေါင်း၊ မြက် ခုတ်တွင်သော ကာလ ဖြစ်သည်။ အောက်တိုဘာလတွင် ကောက်ရိတ်သိမ်းချိန်ဖြစ်သည်။ နိုဝင်ဘာ ပထမပတ်တွင် တောင်ယာမှ စပါးများကို မိမိရွာ မိမိနေအိမ် သို့ သယ်ယူသောအချိန် ဖြစ်ပါသည်။ ၎င်းစပါးရရှိသော ကာလတန်ဖိုး ဝင်ငွေ အနေဖြင့် (၂၀၀၀၀၀ိ/-) နှစ်သိန်းကျပ်ခန့် ရှိပါသည်။ ထွက်ငွေ မှာ (၃၀၀၀၀၀ိ/-) - သုံးသိန်းခန့် ရှိပါသည်။ အဘယ်ကြောင့် ထွက်ငွေများရသနည်း ဆိုလျှင် ပေါင်းရှင်းရန် နေ့စားငှါးရပါသည်။ မိမိလုပ်အား ထည့်ရပါသည်။ အကယ်၍ စပါးမကောင်း၊ စပါးမအောင်မြင်လျှင် ဖျက်ဆီးကျ၍ စပါးအရ နည်းသော ကြောင့် ထွက်ငွေ များရခြင်းဖြစ်ပါသည်။ ထိုအကြောင်းအရာ သည် တစ်နှစ် နှင့် တစ်နှစ် မတူညီပါ။ စပါးအောင်သော နှစ်တွင်မူ ထွက်ငွေ နည်း၍ ဝင်ငွေ အများအပြား ရရှိသော နှစ်လည်း ရှိပါသည်။

နှမ်းခင်း ကို ဇန်နဝါရီလတွင် စတင်ခုတ်တွင်ရပါသည်။ ဇွန်လ မှ ဩဂုတ်လအထိ နှမ်းကြဲ၊ ပေါင်းရှင်း၊ နှမ်း ခုတ် ပြုလုပ်ကြပြီး ဒီဇင်ဘာလတွင် နှမ်းခါ၊ နှမ်းသိမ်းချိန် ဖြစ်ပါသည်။ ဝင်ငွေ မှာ (၅၀၀၀၀၀ိ/-) ငါးသိန်းခန့် ရှိ၍ ထွက်ငွေ မှာ (၄၀၀၀၀၀ိ/-) - လေးသိန်းခန့်ရှိသည်။ အမြတ်အစွန်း အနည်းငယ်ကျန် သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေး လုပ်ငန်းများကို စပါးရိတ်သိမ်း ပြီးချိန် အောက်တိုဘာ၊ နိုဝင်ဘာလ များတွင် စိုက်ပျိုးကြသည်။ ပဲပင်၊ မုန်လာဥ၊ မုန်ညင်းပင် များကို စိုက်ပျိုးပြီး အပိုဝင်ငွေများရရှိ လာကြပါသည်။

Generated by CamScanner from intsig.com

သင်္ကြန်ပွဲတော်ကို ဧပြီလတွင် ကျင်းပကြပါသည်။ မင်္ဂလာဆောင်ပွဲ နှင့် ရှင်ပြုပွဲတို့ကို ဖေဖော်ဝါရီလ နှင့် မတ်လ တို့တွင် ပြုလုပ်ကြပါသည်။ ငှက်ဖျားရောဂါမှာ ဇူလိုင်လမှ ဩဂုတ်လ အတွင်းတွင် ပိုဖြစ်နိုင်ခြေများပါသည်။ ဝမ်းပျက်ဝမ်းလျှော ရောဂါမှာ နွေရာသီပိုင်း ဖြစ်သည့် ဧပြီလမှ ဇွန်လ ရောက်အထိဖြစ်သည်။ သင်္ကြန်၊ မင်္ဂလာဆောင်၊ ရှင်ပြုပွဲကဲ့သို့ ပွဲများတွင် ထွက်ငွေ များပြားပါသည်။ ငှက်ဖျားနှင့် ဝမ်းရောဂါဖြစ်လျှင်လည်း ဆေးပေးခန်းများ မရှိသောကြောင့် ငွေကုန်ကြေးကျ များကြပါသည်။

ကျွန်ုပ် ပြက္ခဒိန် တစ်ခုလုံးကို ပြန်၍ကြည့်ခြင်းဖြင့် ရွာသူ ရွာသားများ၏ အလုပ်အကိုင် နည်းပါးချိန် နှင့် အားလပ်ချိန် မှာ မတ်လ၊ နိုဝင်ဘာလ များပင် ဖြစ်ပါသည်။ ထို့ကြောင့် လူထုဗဟိုပြု စီမံကိန်းမှ စီမံကိန်း လုပ်ငန်းကို မတ်လတွင် စတင်ပြုလုပ်မည် ဆိုပါက ရွာသူရွာသား များ ငွေဝင် ရရှိပြီး အဆင်ပြေစေမည့် အချိန် ဖြစ်သည်ဟု ယူဆရပါသည်။

Generated by CamScanner from intsig.com


လူထုဗဟိုပြု စီမံကိန်း ( တကဒိပသျှစ် )

ပလက်ဝမြို့နယ် ၊ ချင်းပြည်နယ်

စက်ပစ်ပြင် အုပ်စု

စက်ပစ်ပြင် ကျေးရွာ

အမျိုးသားအဖွဲ့ ပင့်ကူအိမ် သုံးသပ်ခြင်း — ရက်စွဲ - ၂၄.၁၁.၁၇




Generated by CamScanner from intsig.com

## အမျိုးသားအဖွဲ့ ပဋိကူဒိမ် သုံးသပ်ချက်

အလုပ်အကိုင် အခွင့်အရေး နှင့် ဝင်ငွေ တွင် အမျိုးသားများသည် အမျိုးသမီးများထက် သာလွန်နေကြောင်း တွေ့မြင်ရပါသည်။ လူထုဗဟိုပြု စီမံကိန်း လုပ်ငန်းခွဲ လုပ်ဆောင်စဉ်ကာလ တစ်လျှောက်တွင်သာ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေ တွင် တူညီမျှခဲ့ပြီး၊ ကျန်ကာလများတွင် အမျိုးသားများက သာလွန်နေပါသည်။

အိမ်ထောင်စု အပေါ် ဂရုစိုက်နိုင်မှု တွင် အမျိုးသားများသည် အမျိုးသမီးထက် ယှဉ်နှိုင်း အနည်းငယ် လျော့ပါသည်။ အမျိုးသားများသည် မိသားစု စားဝတ်နေရေး အတွက် တချိန်လုံး ကြိုးပမ်းနေရသဖြင့် မိသားစုအပေါ်တွင် ဂရုစိုက်နိုင်မှု နည်းပါးကြသည်။ ပညာသင်ကြားမှု တွင် အမျိုးသားများသည် အမျိုးသမီးများထက် အခွင့်အရေး ရရှိကြပါသည်။ ပစ္စည်း ပိုင်ဆိုင်မှုတွင် ကျား၊ မ တန်းတူ ပိုင်ဆိုင်နိုင်ကြပါသည်။

သဘာဝအရင်းအမြစ် အသုံးပြုမှုတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို သုံးစွဲကြပါသည်။ လူမှုရေးကိစ္စများတွင် ပါဝင်နိုင်မှု၊ သာရေး နာရေး တို့တွင် အမျိုးသား အများစုက သွားလာရပါသည်။ ပိုလုပ်ဆောင်နိုင်စွမ်းရှိသည်ဟု ယူဆရပါသည်။ ထို့အတူ ပြင်ပခရီး သွားလာခွင့် ရရှိမှုတို့တွင်လည်း အမျိုးသားများကသာ ပိုမို အခွင့်အရေး များပြားကြသည်။ စီးပွားရှာခြင်းဖြင့် သော်လည်းကောင်း၊ လူမှုရေးကိစ္စ သော်လည်းကောင်း ပြင်ပ ခရီးကို အမျိုးသား များသာ သွားကြရပြီး အမျိုးသမီးများက ပြင်ပ ခရီးသွားခြင်းကို ခလေး တစ်ဖက်နှင့် ဖြစ်ရ၍၊ အိမ်မှုကိစ္စ များ သောကြောင့် သော်လည်းကောင်း သွားလာရခက်ခဲပုံရပါသည်။

Generated by CamScanner from intsig.com

လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်)




ပလက်ဝမြို့ ၊ ချင်းပြည်နယ်

စက်ပတ်ပြင် အုပ်စု

စက်ပတ်ပြင် ကျေးရွာ

အမျိုးသမီး အဖွဲ့ ပင့်ကူအိမ် သုံးသပ်ခြင်း

ရက်စွဲ - ၂၄.၁၁.၂၀၁၇




Generated by CamScanner from intsig.com

## အမျိုးသမီး အဖွဲ့၏ ပင့်ကူအိမ် သုံးသပ်ချက်

အမျိုးသမီး အဖွဲ့၏ ပင့်ကူအိမ် ဇယားကို သုံးသပ်ရလျှင် အလုပ်အကိုင် အခွင့်အလမ်းတွင် အမျိုးသားများလောက် အခွင့်အရေး မရရှိပါ၊ ဝင်ငွေတွင် အမျိုးသားများသာ ပိုမိုရရှိပါသည်။ ယခု လူထုဗဟိုပြု စီမံကိန်း လုပ်ငန်းခွဲ ပြုလုပ်နေစဉ်ကာလ တစ်လျှောက်တွင်သာ ကျား၊ မ တန်းတူ ဝင်ငွေ လုပ်အားခ ရရှိခဲ့သည်။

အိမ်ထောင်စု အပေါ် ဂရုစိုက်နိုင်မှုတွင် အမျိုးသားများထက် သာလွန်နေကြောင်း တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် အိမ်မှုကိစ္စ များကို အမျိုးသမီးများ အလုပ်ဟု သတ်မှတ်ကာ လုပ်ကိုင်နေရသောကြောင့် ဖြစ်သည်။ ကလေး သူငယ်များကို အမျိုးသမီးများကသာ ထိန်းကျောင်း ဂရုစိုက်ခဲ့ကြရပါသည်။ အိမ်မှုကိစ္စ ဖြစ်သည့် တမင်းချက်၊ အဝတ်လျှော်၊ မီးပူတိုက်၊ ရေခပ်၊ ထင်းခွေ အစရှိသည်တို့ကို မိန်းမများကသာ ပြုလုပ်နေရသောကြောင့် လည်း ဖြစ်သည်။

ပညာရေး အပိုင်းတွင်လည်း အမျိုးသားများကသာ အခွင့်အရေး ပိုရရှိကြသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စ များတွင်သာ အချိန်ကုန်နေရသောကြောင့် ဖြစ်ပါသည်။ ပစ္စည်း ပိုင်ဆိုင်မှုတွင် ကျား၊ မ တန်းတူ ပိုင်ဆိုင်ခွင့် ရရှိကြပါသည်။ သဘာဝ အရင်းအမြစ် သုံးစွဲမှုတွင် အမျိုးသမီးများက ပိုမို ထိရောက် သုံးစွဲကြသည်ဟု ယူဆကြပါသည်။ ပြင်ပ ခရီးသွားလာမှုတွင် အမျိုးသားများကသာ ပိုရဲ အားသာမှုရှိကြပါသည်။ ညအိပ် ညနေ ခရီးသွားလာရာတွင် အမျိုးသားများသာ ပိုရဲ လုံခြုံမှုရှိသည်၊ အမျိုးသမီးများ အားနည်းချက်သည် မိန်းမ ဖြစ်ရသောကြောင့် ဖြစ်သည်။

Generated by CamScanner from intsig.com

လူထုဗဟိုပြု စီမံကိန်း ( တတိယနှစ် )


ပလက်ဝမြို့၊ ချင်းပြည်နယ်

စက်ပစ်ပြင်အုပ်စု

စက်ပစ်ပြင်ကျေးရွာ

အမျိုးသား + အမျိုးသမီး ပင့်ကူအိမ် သုံးသပ်ခြင်း

ရက်စွဲ - ၂၄.၁၁.၂၀၁၇




| | |
|---|---|
| အမျိုးသား | - အပြာရောင် |
| အမျိုးသမီး | - အနီရောင် |

## အမျိုးသား + အမျိုးသမီး တို့၏ ပင့်ကူအိမ် သုံးသပ်ချက်

အလုပ်အကိုင် အခွင့်အရေးတွင် အမျိုးသမီးများထက် အမျိုးသား အခွင့်အရေး ပိုရရှိပါသည်။ ဝင်ငွေတွင်လည်း အမျိုးသားများက ပိုမိုရရှိပါသည်။ အမျိုးသမီးများသည်လည်း အမျိုးသားများ အလုပ်အကိုင်ရှာဖွေ၊ ဝင်ငွေရှာဖွေရန် လွယ်ကူစေရန် အိမ်မှုကိစ္စ များဖြင့် ကူညီပံ့ပိုး ပေးခြင်းကြောင့်သာ အမျိုးသားများက ဝင်ငွေများရခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ၏ အိမ်မှုကိစ္စအလုပ်ကို အလုပ်တစ်ခုအဖြစ် သတ်မှတ်သင့်ပေသည်။ အိမ်ထောင်စု မိသားစု အပေါ်တွင် အလေးထား၊ ဂရုစိုက်နိုင်သူတို့မှာ အမျိုးသမီးများသာ ဖြစ်ကြသည်။ တခါတရံမှသာ အမျိုးသားများက အလေးထားပါသည်။


ပညာသင်နိုင်မှု၊ ပညာရေးလက်လှမ်းမှီမှု တို့တွင် အမျိုးသမီး အများစုသည် အမျိုးသားများထက် အနည်းငယ် နောက်ကျပါသည်။ ပစ္စည်းပိုင်ဆိုင်မှု တို့တွင်သာ တန်းတူ အခွင့်အရေး ရရှိကြသည်။ သဘာဝ အရင်းအမြစ် အသုံးပြုမှု တွင် အမျိုးသမီး အများစုက ရေခပ်၊ ထင်းခုတ်၊ အဝတ်လျှော် ပြုလုပ်သောကြောင့် အမျိုးသမီး အသုံးပြုမှု များသည်။ လူမှုရေး ကိစ္စ များတွင် အမျိုးသား များသာ ပိုမို ပါဝင် လှုပ်ရှားကြပါသည်။ ပြင်ပခရီး သွားလာမှုကို အမျိုးသား အများစု သာသွားကြသည်။ စီးပွား ရှာခြင်းဖြင့် သော်လည်းကောင်း၊ လူမှုရေး ကိစ္စ သော်လည်းကောင်း အမျိုးသားများက ခရီးသွားလာရာ တွင် ပိုမို လုံခြုံမှု ရှိကြသည်။

ပုလဲမြစ်ဝှမ်း ... (တစ်ပိုင်း နှစ်)

စက်ပစ်ရွာ၊ ပလက်ဝမြို့နယ်

<u>အဖွဲ့အစည်းဆက်ဆံမှုပြ ဗင်းကားချပ်</u>

ရက်စွဲ - ၂၄ - ၁၁ - ၂၀၁၇



လူထုမဟာဗျူဟာ စီမံကိန်း ( တတိယနှစ် )

စက်ပစ်ပြင် ကျေးရွာ ၊ ပလက်ဝမြို့နယ်

ရက်စွဲ - ၂၄ ၊ ၁၁ ၊ ၂၀၁၇

အဖွဲ့အစည်း ချိတ်ဆက်မှုပြ ပုံစံ ဗင်းကား ချပ် သုံးသပ်ချက်

စက်ပစ်ပြင် ကျေးရွာ PRA အစည်းအဝေး မှ ရရှိလာသော ဗင်းကား ချပ်ကို သုံးသပ် ကြည့်ရမည် ဆိုလျှင် - ကျေးရွာ ဖွံ့ဖြိုးရေး အဖွဲ့ သည် ၊ ကျေးရွာတွင် ကြီးမားသော အကြီး ဆုံး အဖွဲ့အစည်း အဖြစ် တွေ့ရှိရ ပါသည် ။ ၎င်း အဖွဲ့အစည်း နှင့် ချိတ်ဆက် ဆောင်ရွက် နေသော အဖွဲ့အစည်း များကို လည်း တွေ့ရ သည် ၊ ၎င်းတို့မှာ - ရွက်ပျော့ စိုက်ပျိုးရေး အဖွဲ့ ၊ ဘာသာရေး အဖွဲ့ ၊ အရံ မီးသတ် အဖွဲ့ ၊ ပညာရေး ကော်မတီ အဖွဲ့ ၊ မြစ်ဝမ်းကျောင်း စီမံကိန်း ၊ လူထုမဟာဗျူဟာ စီမံကိန်း ၊ နှင့် ဖွံ့ဖြိုးရေး အဖွဲ့ နှင့် အခြား အနည်းငယ် အကျွမ်းဝင်သော အဖွဲ့အစည်း တို့မှာ ယခင်က စီမံကိန်း ပြုလုပ်ခဲ့သော ( UNDP ) အဖွဲ့အစည်း မှ တစ်ဆက် ဆက်တွဲ လက်မှတ်ရင်း ကို ဆက်လက် ဖွဲ့စည်း တည်ရှိ လျက်ရှိသော - " ကိုယ်ပိုင်ဟား ကိုယ်ကိုး အဖွဲ့ " ၊ မိခင်အဖွဲ့ ၊ နာရေး သာရေး အဖွဲ့ တသဖြင့် ရှိ သည် ။ ကျေးရွာ ပြင်ပတွင် ဆိုလျှင် စက်ပစ်ပြင် ကျေးရွာနှင့် တစ်မိုင် ကျော်ဝေးကွာတွင် ရှိသည့် မီးကကျေးရွာတွင် ဆေးရုံ ဆေးပေးခန်း နှင့် ဆရာဝန် ၊ Nurse များရှိသည် ။ စက်ပစ်ပြင် ကျေးရွာဝင် သုံးမိုင်ခန့် အကွာ တွင် ရှိသည့် တရွန်းပိုင် ကျေးရွာတွင်မှ ဖော်မာကျောင်း [illegible] နှင့် စစ်တပ် များ ရှိ သည် တို့ ကို တွေ့ရ ပါသည် ။

Generated by CamScanner from intsig.com

လူထုဗဟိုပြု စီမံကိန်း ( တတိယနှစ် ) 

ပလက်ဝမြို့ ၊ ချင်းပြည်နယ်

စက်ပစ်ပြင်အုပ်စု

စက်ပစ်ပြင်ကျေးရွာ

## အမျိုးသားများ ပိုင်ဆိုင်သော အရင်းအမြစ်များ

ရက်စွဲ - ၂၄.၁၁.၂၀၁၇

(၁) သစ်တော
(၂) ဆန်စက် ၊ စက်လှေ
(၃) အိမ် ၊ အိမ်သာ
(၄) ရေ ၊ မီး ၊ လမ်း ၊ တံတား
(၅) ဖုန်း ၊ TV
(၆) ကွမ်း ၊ အရက် ၊ ဆေးလိပ် ၊ ဆေးဝါး
(၇) အသင်းဥက္ကဋ္ဌ ၊ တောင်ယာစပါးခင်း ၊ နှမ်းခင်း

## အမျိုးသားများ ပိုင်ဆိုင်သော အရင်းအမြစ် သုံးသပ်ချက်

အမျိုးသားများ ပိုင်ဆိုင်သော အရင်းအမြစ်များမှာ - သစ်တော၊ ဆန်စက်၊ စက်လှေ၊ အိမ်၊ အိမ်သာ ၊ရေ၊ မီး ၊ လမ်း ၊တံတား၊ ဖုန်း၊ ကွမ်း ၊ အရက်၊ ဆေးလိပ်၊ ဆေးဝါး၊ TV၊ အသင်းဥက္ကဋ္ဌ၊ တောင်ယာစပါးခင်း၊ နှမ်းခင်း တို့ဖြစ်ကြသည်။ သစ်တောကို အမျိုးသားအများစုက ခုတ်လှဲ၍ အိမ်ဆောက်ရန် သစ်များ အဖြစ် သုံးစွဲကြသည်။ စက်လှေကိုလည်း အမျိုးသား အများစုက မောင်းနှင် အသုံးပြုလေ့ ရှိကြပါသည်။ ဆန်စက်များကိုလည်း အမျိုးသားများကသာ အသုံးပြုကြသည်။ အသင်းဥက္ကဋ္ဌ နှင့် တောင်ယာစပါးခင်းများကို မူ ကျား ၊ မ တန်းတူ လုပ်ကိုင်ကြပါသည်။ ကွမ်း နှင့် ဆေးလိပ်ကို ကျား ၊ မ အသုံးပြုကြပြီး ၊ အရက်ကိုမူ အမျိုးသား အများစုက သောက်သုံးကြပါသည်။

လူထု ဝပ်ဒ်ပြုစီမံကိန်း ( တာဝဒီယာနစ် )

ပလက်ဝမြို့ ၊ ချင်းပြည်နယ်

စက်ပစ်ပြင် အုပ်စု

စက်ပစ်ပြင် ကျေးရွာ

ရက်စွဲ - ၂၄ ၊ ၁၁ ၊ ၂၀၁၇

## အမျိုးသမီးများ ပိုင်ဆိုင်သော အရင်းအမြစ်များ

(၁) ရေ ၊ မီး ၊ ထင်း

(၂) လယ် ၊ တံတား ၊ အပ်ချုပ်စက်

(၃) အိမ် ၊ အိမ်သာ

(၄) ကွမ်း ၊ ဆေးလိပ်

(၅) သီးနှံပင် ၊ တောင်ယာခင်း

(၆) စပါးခင်း ၊ နှမ်းခင်း ၊ လက်ဝတ်ရတနာ

(၇) အဝတ်အထည်

## အမျိုးသမီးများ ပိုင်ဆိုင်သော အရင်းအမြစ်များ သုံးသပ်ချက်

အမျိုးသမီးများ ပိုင်ဆိုင်သော အရင်းအမြစ်များမှာ - ရေ ၊ မီး ၊ ထင်း ၊ လယ် ၊ တံတား ၊ အိမ် ၊ အိမ်သာ ၊ ကွမ်း ၊ ဆေးလိပ် ၊ သစ်ပင် ၊ တောင်ယာခင်း ၊ နှမ်းခင်း ၊ လက်ဝတ်ရတနာ ၊ အဝတ်အထည် တို့ ဖြစ်ကြသည်။ ရေကို အမျိုးသမီးများက ခပ်ယူ ထမင်းဟင်း ချက်ကြရသည်။ ထင်းကိုလည်း အမျိုးသမီးများသာ ချက်ပြုတ်ရသောကြောင့် အသုံးများသည်။ အပ်ချုပ်စက်ကိုလည်း အမျိုးသမီးများသာ အသုံးပြုကြသောကြောင့် အမျိုးသမီးများသာ ပိုင်ဆိုင်ကြပါသည်။ ထို့အတူ လက်ဝတ်ရတနာနှင့် အဝတ်အထည်များကိုလည်း အမျိုးသမီးများသာ မကြာခဏ တပ်မက် ဝတ်ဆင်ဝယ်ယူသောကြောင့် အမျိုးသမီးများက ပိုင်ဆိုင်ပါသည်။

လူထု ဗဟိုပြု စီမံကိန်း ( တတိယနှစ် )

ပလက်ဝမြို့၊ ချင်းပြည်နယ်

စက်ပစ်ပြင်အုပ်စု

စက်ပစ်ပြင်ကျေးရွာ

## အမျိုးသား + အမျိုးသမီး ပိုင်ဆိုင်သော အရင်းအမြစ်များ

ရက်စွဲ - ၂၄.၁၀.၂၀၁၇

(၁) ရေ၊ မီး၊ လမ်း၊ အိမ်၊ တံတား

(၂) တောင်ယာ၊ နှမ်းခင်း၊ ဥယျာဉ်

(၃) ထမင်း၊ ဟင်း၊ ထင်း၊ ငွေ

(၄) ဆေးဝါး၊ ကွမ်း၊ ဆေးလိပ်၊ အရက်

(၅) စက်လှေ၊ ဆန်စက်၊ TV၊ ရေဒီယို

(၆) သားသမီး၊ အဝတ်၊ ဈေးဆိုင်

## ကျား + မ ပိုင်ဆိုင်သော အရင်းအမြစ် သုံးသပ်ချက်

အမျိုးသားရော အမျိုးသမီးပါ ပိုင်ဆိုင်သော အရင်းအမြစ်များမှာ - ရေ၊ မီး၊ အိမ်၊ လမ်း၊ တံတား၊ တောင်ယာစပါးခင်း၊ နှမ်းခင်း၊ ဥယျာဉ်၊ ထမင်း၊ ဟင်း၊ ထင်း၊ ဆေးဝါး၊ ကွမ်း၊ ဆေးလိပ်၊ အရက်၊ ငွေ၊ စက်လှေ၊ ဆန်စက်၊ TV၊ ရေဒီယို၊ သားသမီး၊ အဝတ်၊ ဈေးဆိုင် တို့ဖြစ်ကြသည်။ စက်လှေ အသုံးပြုရာတွင် အမျိုးသားများသာ မဟုတ်ပဲ၊ အမျိုးသမီး အချို့ အနည်းစု တို့သည်လည်း မောင်းနှင်လာခဲ့ကြပါသည်။ တောင်ယာ၊ နှမ်းခင်း တို့ကိုလည်း ကျား၊ မ တန်းတူ လုပ်ကိုင်ကြပါသည်။ အိမ်ထောင်စု တစ်ခုတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် ပစ္စည်းဥစ္စာများကို အတူတကွ ပိုင်ဆိုင်ကြပါသည်။

Generated by CamScanner from intsig.com



ရွက်ကျင်ကျေးရွာ လူမှုဆန်းစစ်မှု အစည်းအဝေး



ရွက်ကျင်ကျေးရွာ ပထမအကြိမ် စီမံကိန်းမိတ်ဆက်အစည်းအဝေး

Generated by CamScanner from intsig.com

7



# ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်၊* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးခိုင်ထွန်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ယုယုဝေ |
| ပြည်နယ်/တိုင်းဒေသကြီး ချင်း / မြို့နယ် ပလက်ဝ | ကျေးရွာအုပ်စု တက်ပင်မြင့် | ကျေးရွာ ရှက်ကျင်း |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ချင်း | ၂ | ဘာသာ (၁) ခရစ်ယာန် | ၂ |
| လူမျိုးစု (၂) ရခိုင်+ချင်း | ၁ | ဘာသာ (၂) ဗုဒ္ဓ | ၁ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | ၄ | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ချင်း-- | ၈ | ၉ |
| လူမျိုးစု (၂)---ရခိုင် | ၁ | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃ | |

Generated by CamScanner from intsig.com

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | မူကြိုကျောင်း | ☐ | | တိုက်နယ်ဆေးရုံ | ☐ | | စေတီ | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလွန်ကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | လယ်လွန်ကျောင်း | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | အထက်တန်းကျောင်း | ☐ | | | | | အခြား | ☐ |
| | အခြား | ☐ | | | | | | |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားမှလား |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | (လူသွားလမ်း) | အခြား ရေကြောင်းလမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

| | ဝိုင်းပါ |
|---|---|
| (၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? | ရှိပါသည်/မရှိပါ/(မသိပါ) |
| (၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? | နှစ်--------/(မသိပါ) |
| (၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? | ပြုခဲ့ပါသည်/မပြုခဲ့ပါ /(မသိပါ) |

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၀.၅ /မသိပါ

Generated by CamScanner from intsig.com

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ---၀၀း၃၀--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ---ရေလမ်း---

မိုးရာသီတွင်ကြာချိန် ---၀၀း၄၅--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ---ရေလမ်း---

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---ရေကြီးခြင်း---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မရှိပါ---

(၂) ---

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [handwritten name]

လက်မှတ် [signature] နေ့ ၁ ၁ ၂၀၁၈

လူထုစည်းရုံးရေးမှူး အမည် [handwritten name]

လက်မှတ် [signature] နေ့စွဲ 1.1.2018

Generated by CamScanner from intsig.com

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၂၃ / ၁၁ / ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ချင်း | မြို့နယ် ပလက်ဝ | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃/၁၁/၁၇ | ၂၃/၁၁/၁၇ | | ၁ | ၁ | ချမိ: = ၁ | ၃ | ၃၃% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၄/၁၁/၁၇ | ၂၄/၁၁/၁၇ | ၂ | ၂ | ၂ | ချမိ: = ၂ | ၃ | ၆၆% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၁.၂.၂၀၁၈ | ၂၁.၂.၂၀၁၈ | ၂ | | ၂ | ချမိ: = ၂ | ၃ | ၆၆% |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် | ၂၁.၂.၂၀၁၈ | ၂၁.၂.၂၀၁၈ | ၂ | | ၂ | ချမိ: = ၂ | ၃ | ၆၆% |



Generated by CamScanner from intsig.com

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ဖော်ပြသွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဝေါ် ပုယ်ပုယ် ဖေား | | | |
| နေ့စွဲ ၂၄ ၊ ၁၁ ၊ ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ချင်း | ပလက်ဝ မြို့နယ် | ကျေးရွာအုပ်စု ဖက်ပင်မြင် | ကျေးရွာ ဖက်ပင်မြင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | တစ်အိမ်တစ်လုံး ကျစ် အိမ်သာခက်ခဲ | ၁ | ရွာချင်းဆက် တံတား ဆောက်လုပ်ခြင်းခက် |
| ၂ | စာသင်ကျောင်း တိုးချဲ့ရန် ခက်ခဲခြင်း | ၂ | ရေခံပ်လမ်းကို ကွန်ကရစ်လမ်း မြဲလုပ်ရန် ခ |
| ၃ | ရွာလယ်ရေပ် မြဲလုပ်ခြင်း ခက်ခဲခြ | ၃ | ရွာလယ်ရေပ် မြဲလုပ်ခြင်း ခက်ခဲ |
| ၄ | ရွာချင်း ဆက် တံတား ဆောက်လုပ်ခြင်းခက် | ၄ | ကျောင်းဆောင် တိုးချဲ့ မြဲမြင် ( စာသင်ကျော |
| ၅ | ရေခံပ်လမ်း ကွန်ကရစ်လမ်း မြဲလုပ်ရန်ခက် | ၅ | တစ်အိမ်တစ်လုံး ကျစ် အိမ်သာ မြဲလုပ်ခြ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဓါတ်ပေးခွင်း ရှိလာစေရမည် | ၁ | အာဂျဝင် ကျေးရွာတွင် ရှိစေရမည် |
| ၂ | ရွာလယ်တန်းကျောင်း ရှိစေရမည် | ၂ | အထက်တန်း ကျောင်း ရှိလာစေရမည် |
| ၃ | ကျေးရွာတွင် nurse ရှိစေရမည် | ၃ | အိမ်တိုင်း ဝသ်ပဖို ပျဉ်ထောင် ဖြစ်ရမ |
| ၄ | ဆေးကြည့်တိုက် ရှိစေရမည် | ၄ | ဆန်စက် ဖေါ: မှုလုံ ရှိစေရမည် |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာလယ်ရေပ်မြဲလုပ်ခြင်း | ကျား + မ | ၃၀၀၀၀၀၀ ကျပ်/- | ၃၈၁ - ဦး |
| ၂ | စာသင်ကျောင်းမြဲမြင်တိုး | ကျား + မ | ၂၂၀၀၀၀၀ ကျပ်/- | ၃၈၁ - ဦး |
| ၃ | ရေခံပ်လမ်း ကွန်ကရစ်လမ်း | ကျား + မ | ၁၅၀၀၀၀၀ ကျပ်/- | ၃၈၁ - ဦး |
| ၄ | ရွာချင်းဆက်တံတား | ကျား + မ | ၈၀၀၀၀၀ ကျပ်/- | ၃၈၁ - ဦး |
| ၅ | ဆောက်လုပ်ခြင်း | | | |
| | | | | |

Generated by CamScanner from intsig.com

ယ၊ လုလုပ်ငန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးခံစားရသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | တစ်အိမ် အိမ်သာ တစ်လုံးစီ | ကျား + မ | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ...ဦးကျော်ဆွန်းသိန်း... လက်မှတ် ............ နေ့စွဲ ...၂၄ ။ ၁၁ ။ ၂၀၁၇...

ပုံစံ - ၈ · ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (. m PC 4)

| |
|---|
| **လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ပုပုဝေ |
| နေ့စွဲ ၂၄ ၊ ၁၁ ၊ ၂၀၁၇    စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ချင်း    မြို့နယ် ပလက်ဝ    ကျေးရွာအုပ်စု စက်ပန်းမြင် |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| စက်ပန်းမြင် | ဥယျာဉ်တာရစ် ပြုပြင်ခြင်း (သစ်သားတံတား) | ၁၈'×၁၈'×၁၀' | ၃၈၁-ဦး | ☐ ကျား ☐ မ ☑ ကျား + မ | ၃,၀၀၀,၀၀၀/- | | | | ၃၀၀၀၀၀၀/- |
| စက်ပန်းမြင် | စာသင်ကျောင်း ပြုပြင်တိုးချဲ့ (အုတ်ညှပ်အဆောင်) | ၈၀'×၃၀'×၂၀' မှန်တပ်ကျောင်း အားအောက်ခံ | ၃၈၁-ဦး | ☐ ကျား ☐ မ ☑ ကျား + မ | ၂၂,၀၀၀,၀၀၀/- | | | | ၂၂,၀၀၀,၀၀၀/- |
| | | ၁၀' နံရံတာကျ ပြတင်းပေါက် တပ်ဆင်ခြင်း၊ အခန်းဖွဲ့ခြင်း နှင့် ၂ ခန်းတွဲအိမ်သာ | | ☐ ကျား ☐ မ ☐ ကျား + မ | | | | | |
| | | (၁ လုံး) ဆောက် လုပ်ခြင်း၊ သံအကာ ဖြင့်ကျောင်း ခြံစည်းရိုးကာရံ ခြင်း၊ | | ☐ ကျား ☐ မ ☐ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည် လက်မှတ် ရက်စွဲ

(signature)
ဦးကျော်ထွန်းသိန်း
၂၄ / ၁၁ / ၂၀၁၇

ဒုတိယအကြိမ်ဘတ်ဂျက်လက်ကျန် = ၄,၁၃၀,၁၅၀/-



Generated by CamScanner from intsig.com

ပုလဲမဟာဗျူဟာ စီမံကိန်း (တတိယနှစ်) ⑷⓪

တက်ပင်ပြင် ၊ ပလက်ဝမြို့နယ်

ရက်စွဲ - ၂၅ - ၁၁ - ၂၀၁၇

## အစည်းအဝေး မှတ်တမ်း

အချိန် - ၀၉:၀၀ AM

နေရာ - တက်ပင်ပြင် ရွာလယ် ခန်းမဆောင်

အစည်းအဝေး ခေါင်းစဉ် အမည် - ကျေးရွာ အုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး ။

ဆွေးနွေးချက်များ ။ * လုပ်ငန်းခွဲသုံးခု အနက် မည်သည့်လုပ်ငန်းခွဲကို ပထမဆုံး လုပ်ဆောင်ပြီး မည်သည့်လုပ်ငန်းခွဲကို နောက်မှ တဆင့်ချင်း ပြုလုပ်မည်ကို ဝိုင်းဝန်း ဆွေးနွေး ။

ဆုံးဖြတ်ချက် * ကျေးရွာ ရွာလယ် ရေပိုက်ကို ပထမဆုံး ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါသည်၊ စာသင်ကျောင်း တိုးချဲ့ရန် ယခုအခါ နွေရာသီကျောင်း မပိတ်သေးသဖြင့် ကျောင်းသူ/သား များအတွက် အခက်အခဲမဖြစ်စေရန် ရွာလယ်ရေပိုက် နှင့် ရေဆိပ် လမ်းပြုလုပ် ပြီးစီးချိန်တွင် နွေရာသီ ကျောင်းပိတ်ရက်နှင့် လည်းကိုက်ညီမည်ဖြစ်၍ စာသင်ကျောင်း တိုးချဲ့ခြင်းကို နောက်ဆုံးမှ ပြုလုပ်ရန် ဆုံးဖြတ် ခဲ့ပါသည်။

* CF, TF နှင့် ကော်မတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး တို့ တည်ဆောက်မည့် အဆောက်အဦး မြေနေရာများ၊ လိုက်လံ ကြည့်ရှု၊ တိုင်းတာ၊ ခန့်မှန်းကုန် ကျစရိတ် တွက်ချက် ခန့်မှန်း ။

Generated by CamScanner from intsig.com

လူထုပေါ်ပြ စီမံကိန်း ရက်စွဲ - ၂၁ . ၂ . 2018
(တတိယ နှစ်)
ပလက်ဝမြို့နယ်၊ တက်ပစ်ဖြင်ကျေးအုပ်စု
တက်ပစ်ဖြင် ကျေးရွာ

အစည်းအဝေး မှတ်တမ်း

အချိန် - 10:00 AM
နေရာ - တက်ပစ်ဖြင် ကျေးရွာ ၊ ခန်းမဆောင်
အစည်းအဝေး ခေါင်းစဉ် - step-6, နည်းပညာ အစည်းအဝေး, step-8, step-9
အစည်းအဝေး တက်ရောက်သူ အရေအတွက် - ကျား - ၄၄ + မ ၃၆ = ၈၀ ဦး

ဆွေးနွေးချက်၊ တင်ပြချက် * တက်ပစ်ဖြင်ကျေးရွာမှ IPIC သို့ တင်ပြထားသော ရွာလယ်ရေပ် ဆောက်လုပ်ခြင်း နှင့် စာသင်ကျောင်း ဆောင်သစ်ဝိုးချဲ့ခြင်းကို မြို့နယ် IPIC မှ အတည်ပြုပြီး ဖြစ်ကြောင်း ကျေးရွာလူထုအား ပြောကြားခြင်း။ သစ်၊ သဲ၊ ကျောက်၊ အုတ်ဈေးနှုန်း သိရှိခြင်း။

ဆုံးဖြတ်ချက် * သဲ၊ ကျောက် တစ်တောင်းကျင် (၁၅၀၀ိ/-)၊ တစ်ထောင့်ငါးရာ ကျပ်တိတိ ဖြင့် သယ်ယူရန် သဘောတူ ဆုံးဖြတ်။

* သစ်တစ်တန်ကျင် (၄၅၀၀၀ိ/-) လေးသိန်း ငါးသောင်းကျပ်ဖြင့် လုပ်ငန်းခွင်ရောက် သယ်ယူခပါ အပြီးအစီး ဖြစ်ကြောင်း သဘောမှတ် ဆုံးဖြတ်ချက် ချမှတ်။

* အုတ်တစ်ချပ်ကျင် ရွာဆိပ်ကမ်းမှ လုပ်ငန်းခွင်အထိ သယ်ယူခ (၄ိ/-) လေး ဆယ်ကျပ်တိတိ။

* အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် လိုအပ်သည့် ပစ္စည်းများကို ကျေးရွာ စီမံခန့်ခွဲရေးအဖွဲ့မှ ဦးဆောင် ဝယ်ယူပြီး ဆောက်လုပ်ရေးပိုင်းကို ကန်ထရိုက် ငှားရမ်း၍ ဆောက်မည် ဖြစ်သည်။ (စာသင်ကျောင်း)

* ကျေးရွာရေပ်ကို ရွာလူထု ကိုယ်တိုင် ဆောက်လုပ်မည်။ ကျွမ်းကျင်လုပ်သား (၈၀၀၀ိ/-) ရိုးရိုးလုပ်သား (၅၀၀၀ိ/-)

* စာသင်ကျောင်းဆောင်သစ် နှင့် ရွာလယ်ရေပ်ကို ဆောက်လုပ်မည် ဖြစ်ကြောင်း ဆုံးဖြတ်။

Generated by CamScanner from intsig.com

# လူထုဗဟိုပြု စီမံကိန်း (တတိယနှစ်)

## ကလေးဝပြင် ကျေးရွာ

## ပလက်ဝမြို့နယ် ၊ ချင်းပြည်နယ်

ရက်စွဲ - 24.11.2017

| စဉ် | ကျိုးကြောင်းမဲ့စနစ်ဖြင့် ရရှိလာသော ဦးစားပေးလုပ်ငန်း စဉ်အဆင့်လိုက် | အဆင့် | မဲအရေအတွက် |
|---|---|---|---|
| ၁။ | ရွာလယ်ရေပ်ပြုလုပ်ခြင်း | ၁ | ၄၂ |
| ၂။ | စာသင်ကျောင်းတိုးချဲ့ပြုပြင်ခြင်း | ၂ | ၂၀ |
| ၃။ | ရေဆိပ်လမ်းကွန်ကရစ်လမ်းပြုလုပ်ခြင်း | ၃ | ၁၀ |
| ၄။ | ရွာချင်းဆက်တံတားပြုလုပ်ခြင်း | ၄ | ၂ |
| ၅။ | | | |
| ၆။ | | | |

ဦးစားပေးလုပ်ငန်းစဉ်အဆင့်လိုက်သုံးသပ်ချက်

အမျိုးသားအဖွဲ့မှ တင်ပြလာသော ဦးစားပေးလုပ်ငန်း နှင့် အမျိုးသမီးအဖွဲ့မှ တင်ပြလာသော ဦးစားပေးလုပ်ငန်းများကို ညှိနှိုင်းပြီး ကျိုးကြောင်းမဲ့စနစ်ဖြင့် ဦးစားပေးလုပ်ငန်းကို ရွေးချယ်ဆုံးဖြတ်ခဲ့ပါသည်။ မဲအများဆုံးဖြစ်သည့် ရွာလယ်ရေပ်ပြုပြင်ပြင်ဆင်ခြင်းလုပ်ငန်းသည် ဦးစားပေးနံပါတ် (၁)ဖြစ်ပြီး၊ ဒုတိယမဲအများဆုံးဖြစ်သည့် စာသင်ကျောင်းတိုးချဲ့ခြင်းသည် နံပါတ် (၂) ဦးစားပေး၊ တတိယမဲအများဆုံးဖြစ်သည့် ရေဆိပ်လမ်းကို ကွန်ကရစ်ဖြင့်ပြုလုပ်ခြင်းလုပ်ငန်းသည် နံပါတ် (၃) ဦးစားပေး နှင့် ရွာချင်းဆက်တံတားလုပ်ငန်းသည် နံပါတ် (၄) အဆင့် ဦးစားပေးလုပ်ငန်း အသီးသီးတို့ကို တွေ့ရှိရပါသည်။

Generated by CamScanner from intsig.com

Generated by CamScanner from intsig.com